# အမျိုးသမီးများအဖွဲ့ ချုပ် [မြန်မာနိုင်ငံ]

# Women's League of Burma

### ဒေါ်အောင်ဆန်းစုကြည်၏ (၆၄) နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက်

၂၀၀၉ ခုနှစ် ဇွန်လ (၁၉) ရက်

ယနေ့ ဇွန်လ ၁၉ ရက်နေ့သည် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ၆၄ နှစ်ပြည့် မွေးနေ့ အခါသမယပင် ဖြစ်ပါသည်။ နိုဗယ်ဆုရှင် လူထုခေါင်းဆောင်သည် သူမ၏ (၆၄) နှစ်မြောက် မွေးနေ့ကို မြန်မာပြည်တွင် နာမည်ဆိုးဖြင့် ကျော်ကြားလှသည့် အင်းစိန်ထောင်တွင် အထိမ်းသိမ်း ခံနေရင်း ဖြတ်သန်းရမည်ဖြစ်သည်။

စစ်အစိုးရမှ ဖန်တီးပြုလုပ်ခဲ့သည့် ၂၀၀၃ မေလ၊ ဒီပဲယင်း လုပ်ကြံမှုကြီးအပြီး လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ် ချထားခဲ့သည်မှာ ၆ နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်ကာ မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေအရ ပြီးခဲ့သည့်မေလ ၂၇ ရက်နေ့တွင် ပြန်လည်လွှတ်ပေးရမည်ဖြစ်သည်။ သို့သော် နအဖစစ်အစိုးရအနေဖြင့် လူထုခေါင်းဆောင်အား လွှတ်မပေးသည့်အပြင် မတရားအမှုဆင်၍ အင်းစိန်အကျဉ်းထောင် အတွင်းတွင် ထိမ်းသိမ်းကာ တရားစွဲဆိုနေခြင်းသည် နိုင်ငံရေး လုပ်ကြံမှုကြီးပင်ဖြစ်သည်ဟု အမျိုးသမီး များအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ သုံးသပ်သည်။

၎င်းလုပ်ရပ်အပေါ် အာစီယံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းမှ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသား ၂၁၀၀ ကျော်ကို လွှတ်ပေးရန် အစဉ်တစိုက် အရှိန်မြှင့် တောင်းဆိုမှုတွေပြုလုပ်ခဲ့ကြသည်။ နအဖ စစ်အစိုးရသည် နိုင်ငံတကာခေါင်းဆောင်များ၏ တောင်းဆိုချက်များကို လစ်လျူရှု၍ ဒေါ်အောင်ဆန်းစုကြည်အပေါ် တရားစွဲဆိုမှုများကို ဆက်လက်လုပ်ဆောင်လျှက်ရှိသည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် နအဖစစ်အစိုးရ၏ လုပ်ရပ်များအားလုံးသည် နိုင်ငံရေးတွင် ဒေါ်အောင်ဆန်းစုကြည်၏ ပါဝင်မှုကို ကန့်သတ်ပိတ်ပင်လိုသည့် လုပ်ရပ်ဖြစ်ကြောင်း အတိအလင်း ဖော်ထုတ်ပြောဆိုလိုသည်။ ဤလုပ်ရပ်သည် တိုင်းပြည်တွင် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် ပြန်လည်သင့်မြတ်ရေးကို ငြိမ်းချမ်းစွာ ဖော်ဆောင်နိုင်မည့် တခုတည်းသော လမ်းကြောင်းတခုကို စစ်အစိုးရက မျက်ကွယ်ပြုလိုက်ခြင်းလည်းဖြစ်သည်။ ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်၏ သူမတူသော စွန့်လွှတ်အနစ်နာခံမှုများဖြင့် ဒီမိုကရေစီရေးအတွက် စစ်အစိုးရကို ရင်ဆိုင်တိုက်ပွဲဝင်နေခြင်းသည် မြန်မာပြည်သူများသာမက ကမ္ဘာတဝှမ်းမှ ဒီမိုကရေစီကို လေးစားယုံကြည်သူများ အားလုံးအတွက် ရှေ့ဆောင်လမ်းပြ မီးရှူးတန်ဆောင် ဖြစ်နေသည်ကို စစ်အစိုးရအနေဖြင့် မည်သို့မျှ အသိအမှတ်ပြုနိုင်ခြင်း မရှိကြောင်းကိုလည်း ပေါ်လွင်စွာ ဖော်ပြနေသည်။

စစ်အစိုးရမှ ၎င်းတို့အာဏာတည်မြဲစေရန်အတွက် ဒီမိုကရေစီကို ချစ်မြတ်နိုးသော ပြည်သူလူထုအပေါ် နည်းပေါင်းစုံဖြင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ကြီးမားသည့် ပြစ်မှုများအား ကျူးလွန်နေခြင်းနှင့် ၂၀၀၈ ခုနှစ်မေလတွင် ၎င်းတို့မှ တဖက်သတ် ရေးဆွဲထားသော ဖွဲ့စည်းပုံအား မတရားသော နည်းလမ်းပေါင်းစုံသုံး၍ ပြည်သူ့ဆန္ဒခံယူမှုတွင် ပြည်သူအများစု၏ ဆန္ဒမပါပဲ အတင်းအကြပ်အတည်ပြုခဲ့သည်။ ထို့အပြင် အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသား အဖွဲ့အစည်းများကိုလည်း အစီအစဉ်တကျဖြိုခွဲရန် လုပ်ဆောင်လျှက်ရှိပြီး ၎င်းတို့အလိုကျ လက်ဝေခံဘဝများရောက်အောင် ကြိုးပမ်းဆောင်ရွက်လျှက်ရှိသည့်အပြင် ၂၀၁၀ ရွေးကောက်ပွဲအား အသိအမှတ်ပြုရန်နှင့် ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိအားပေးလျှက်ရှိသည်။ နအဖ၏ ယနေ့ လုပ်ဆောင်နေသော လုပ်ရပ်များအားလုံးသည် မြန်မာပြည်သူလူထု လိုလားတောင့်တနေသော စစ်မှန်သော ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးဆိုသည့် ရလာဒ်ကောင်းကို ပြောင်ပြောင်တင်းတင်း ဆန့်ကျင်နေသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေအရ လွှတ်ရက်စေ့နေပြီဖြစ်သော ဒေါ်အောင်ဆန်းစုကြည်အားအမြန်လွှတ်ပေးခြင်း၊ မြန်မာနိုင်ငံအကျဉ်းထောင်အသီးသီးတွင် အကျဉ်းကျခံနေရသော နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိလွှတ်ပေးခြင်းများ ပြုလုပ်ပေးခြင်းဖြင့် အဓိပ္ပါယ်ရှိသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ လမ်းကြောင်းသို့ ဦးတည်သည့်ခြေလှမ်းများ စတင်လှမ်းရမည့်အချိန်ဖြစ်သည်ဟု မိမိတို့အနေဖြင့် သုံးသပ်သည်။ နိုဗယ်ငြိမ်းချမ်းရေးဆုရှင်အပေါ် စစ်အစိုးရ၏ နိုင်ငံရေးရည်ရွယ်ချက်ရှိရှိ မတရားအမှုဆင် ထိမ်းသိမ်းထားခြင်းအပေါ် နိုင်ငံတကာခေါင်းဆောင်များ၊ အထူးသဖြင့် အာစီယံ၏ ဝေဖန်ချက်များ၊ ဖိအားပေးမှုများနှင့်ပတ်သက်၍ မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံ၏ ကောင်းမွန်သော နိုင်ငံရေးအပြောင်းအလဲများ ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတကာအသိုင်း အဝိုင်းအနေနှင့် ဒဏ်ခတ်ပိတ်ဆို့မှုများနှင့် ဖိအားပေးမှုများကို ဆက်လက်အရှိန်မြှင့် ပြုလုပ်သွားရန် တိုက်တွန်းလိုက်ပါသည်။ ထို့အပြင် ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ (၆၄) နှစ်ပြည့်မွေးနေ့တွင် ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေးမှသည် မြန်မာပြည် လွှတ်မြောက်ရေးသို့ဟူသည့် နိုင်ငံရေးကြွေးကြော်သံကို ကိုင်စွဲ၍ စစ်အာဏာရှင်စနစ် အမြန်ဆုံးပြုတ်ကျပြီး စစ်မှန်သည့် ဖက်ဒရယ် ဒီမိုကရေစီ ရရှိရေးအတွက် မိမိတို့နှင့်အတူ လက်တွဲညီညီဖြင့် တိုက်ပွဲဝင်ကြပါရန် ပြည်သူလူထုတရပ်လုံးအား အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ တိုက်တွန်းနှိုးဆော်အပ်ပါသည်။


**ဆက်သွယ်ရန်**

သင်းသင်းအောင် (အိန္ဒိယနိုင်ငံ) +၉၁၉ ၈၉၁ ၂၅၂ ၃၁၆

စောမြရာဇာလင်း (ဘင်္ဂလားဒေရှ့်နိုင်ငံ) +၈၈၀ ၂၉၀ ၁၁၃၆၁

လွေးမိုးခမ်း (ထိုင်းနိုင်ငံ) +၆၆၈၃ ၃၃၀ ၂၃၀၄